# သတင်းထုတ်ပြန်ချက်

မကြာသေးမီက ထိုင်းနိုင်ငံ၌ တရားဝင်စာရွက်စာတမ်းများကိုင်ဆောင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ထိုင်းအာဏာပိုင်များက ဖမ်းဆီးနှိမ်နင်းနေကြောင်း သတင်းများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးသည် ထိုင်းနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဥပဒေထိန်းသိမ်းရေးအမျိုးသားကောင်စီ (အင်န်စီပီအို)မှ အဆင့်မြင့် တာဝန်ရှိသူများအား ၂၀၁၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့နှင့် ၁၄ ရက်နေ့တို့တွင် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။ ယင်းတွေ့ဆုံဆွေးနွေးမှုများအတွင်း ထိုင်းနိုင်ငံသို့ တရားမဝင်ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသားအလုပ်သမားများဆိုင်ရာ ဆပ်ကော်မတီအကြီးအကဲ အပါအဝင် အင်န်စီပီအို တာဝန်ရှိသူများက ထိုင်းနိုင်ငံတွင်း၌ တရားဝင် အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံခြားသား အလုပ်သမားများအား ဖမ်းဆီးနှိမ်နင်းရန် ထိုင်းအာဏာပိုင်များအနေဖြင့် မည်သည့် မူဝါဒမျှ ချမှတ်ထားခြင်း မရှိကြောင်း၊ ထိုသတင်းများသည် အခြေအမြစ် မရှိကြောင်း၊ မြန်မာအလုပ်သမားများအတွက် ထိုင်းဥပဒေဘောင်အတွင်းမှ အကျိုးခံစားခွင့် အပြည့်အဝ ရရှိရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေး အစောင့်အရှောက်များ ရရှိစေရေးအတွက် လျော်ကန်သည့် အလုပ်အကိုင်အခြေအနေ ပိုမိုဖြစ်ပေါ်ရန် ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဗန်ကောက်မြို့ရှိ မြန်မာနိုင်ငံသံရုံးသည် ထိုင်းနိုင်ငံ၌ တရားဝင်စာရွက်စာတမ်းများဖြင့် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဖမ်းဆီးခံရမှု ရှိပါက မြန်မာသံရုံးမှ တာဝန်ရှိသူများထံ သတင်းပေးပို့နိုင်ရန်အတွက် အရေးပေါ် ဖုန်းလိုင်းများကို သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အသိပေးအပ်ပါသည်။ သို့ဖြစ်ပါ၍ တရားဝင် မြန်မာအလုပ်သမားများ ဖမ်းဆီးခံရမှုရှိပါက သံရုံးသို့ နေ့ရက်မရွေး (၂၄)နာရီ အချိန်ပြည့် သတင်းပေးပို့နိုင်မည် ဖြစ်ပါသည်။

ပြည်ပနိုင်ငံများ၌ တရားမဝင်ရောက်ရှိ အလုပ်လုပ်ကိုင်လျက်ရှိကြသော မြန်မာအလုပ်သမားများအနေဖြင့် လုံခြုံစိတ်ချစွာ လုပ်ကိုင်နိုင်ရေးအတွက် အလုပ်အကိုင်ရရှိရေးဆိုင်ရာ ဆောင်ရွက်ထားသည့် နားလည်မှုဘောင်အတွင်း အလုပ်အကိုင် ရှာဖွေလုပ်ကိုင်ကြရန် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်စဉ် အခက်အခဲများနှင့် ကြုံတွေ့ရပါကလည်း ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများမှ ကူညီပေးရန် အသင့်ရှိကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်